**ထပ်တိုးစာမူ ၃၉။** ဝင်ရောက်ပါဝင်သူ၏ သတ္တုဓါတ်၊ ကိုလက်စထရော နှင့် ထရိုင်ဂလစ်စရိုက် စစ်ချက်ရလာဒ်များ သတင်းပို့ချက်ပေးစာ နမူနာ (ဖလက်ရှ်-ကင်းကိဒ် ဖတ်စာအဆင့်- အတန်း ၉.၄)

NEW YORK
state department of
HEALTH

Nirav R. Shah, M.D., M.P.H.
Commissioner

Sue Kelly
Executive Deputy Commissioner

[အမည်နှင့် နေရပ်လိပ်စာ]

ခင်မင်ရပါသော [အမည်] -

ကန်ကြီးများအား ဇီဝဓါတုတိုင်းတာသတ်မှတ်မှု စီမံကိန်း၌ ဝင်ရောက်ပါဝင်သည့်အတွက် သင့်အား ကျွန်ုပ်တို့မှ ကျေးဇူးအထူးတင်ပါသည်။ သင့်ထံမှ တိုင်းတာရရှိသော ပြဒါး၊ ခဲ၊ ကဒ်မီယံ၊ ကိုလက်စထရော စုစုပေါင်းနှင့် ထရိုင်ဂလစ်စရိုက် ရလာဒ်တို့ကို စာမျက်နှာ ၃ တွင် ရှာဖွေတွေ့ရှိနိုင်ပါသည်။

ခဲ၊ ပြဒါးနှင့် ကဒ်မီယံတို့ကို ဒက်စီလီတာ တစ်ခုရှိ မိုက်ခရိုဂရမ်များ အဖြင့် ဖွဲ့စည်း တင်ပြရသည် (မိုက်ခရိုဂရမ်/ဒက်စီလီတာ)။ ၎င်းအတိုင်းအတာသည်မည်မျှရှိသည်ကို သင်ပုံဖေါ်နိုင်ရန် ဥပမာပြရသော်၊ တစ် မိုက်ခရိုဂရမ်/ဒက်စီလီတာသည် ရေကူးကန် ခြောက်ကန်တွင်းရှိ ဓါတုရည် အစက်ကလေး တစ်စက်နှင့် ညီမျှသည်။ ထိုသတ္တုဓါတ်များကို အမေရိကန်နိုင်ငံရှိ အရွယ်ရောက်ပြီးသူ အများစုတွင် တွေ့ရတတ်ကာ အသက်အရွယ်နှင့်လိုက်၍ ပိုမိုတိုးပွားလာတတ်သည်။

ကျွန်ုပ်တို့သည် သင့်သွေးတွင်းရှိ အဆီပမာဏကို သိရှိနိုင်ရန်၊ ကိုလက်စထရော စုစုပေါင်းနှင့် ထရိုင်ဂလစ်စရိုက်တို့ကိုလည်း သင့်သွေးမှ တိုင်းတာမှု ပြုရသည်။ ကျွန်ုပ်တို့မှ  သင့်သွေးတွင်းရှိ အဆီပမာဏကို သိရှိရန်လိုခြင်းမှာ ဤစီမံကိန်းတွင် စမ်းသပ်တိုင်းတာသော ဓါတုဓါတ်အချို့သည် အဆီထဲတွင် သိမ်းဆည်းခိုအောင်းနေသောကြောင့် ဖြစ်သည်။ သင့်စစ်ဆေးချက်ရလာဒ်များကို သင်၏သမားတော်နှင့် ဆွေးနွေးသည့်အခါ ကိုလက်စထရော စစ်ဆေးမှုမပြုမီ အစာရှောင်ခြင်း မပြုခဲ့ကြောင်း ပြောပါ။

<u>ခဲဓါတ်</u>

၁၀ မိုက်ခရိုဂရမ်/ဒက်စီလီတာ သို့မဟုတ် ထိုထက်ပိုသော ခဲဓါတ်များသွေးထဲတွင်ရှိပါက သွေးတွင်းခဲဓါတ်မြင့်မားသည်ဟု ယူဆနိုင်ကာ ထပ်မံတွေ့ဆုံ ဆောင်ရွက်ရန်လိုအပ်ပေသည်။ သင့်သွေးတွင်းခဲဓါတ် ၁၀ မိုက်ခရိုဂရမ်/ဒက်စီလီတာ ထက်များနေပါက သင့်အား နယူးယော့ခ်ပြည်နယ်ကျန်းမာရေးဌာနမှ ဖုန်းခေါ်၍ ဖြစ်နိုင်ချေရှိသော ဓါတ်သင့်မှုဇစ်မြစ်ကို ကူညီရှာဖွေပေးမည်။ ခဲဓါတ်ဆက်လက်သင့်နေပါက ခန္ဓာကိုယ်တွင်းပိုမိုစုဖွဲ့လာနိုင်ကာ အာရုံကြောထိခိုက်ခြင်း၊ သွေးအားနည်းခြင်း၊ နှင့် အခြားကျန်းမာရေး ထိခိုက်မှုများဖြစ်လာနိုင်သည်။ ထိုသို့ခဲဓါတ်များခြင်းသည် အိမ်များမှ ဆေးဟောင်းခွာခြင်း အစရှိသော အလုပ်အကိုင်များမှလည်း ရတတ်ပေသည်။ ထိုသို့ဓါတ်သင့်ခြင်းသည် မှန်ဆေးဆိုးခြင်း၊ စသော ဝါသနာအလျောက် လုပ်ကိုင်သောအလုပ်များမှ ရရှိခြင်းလည်း ဖြစ်နိုင်သည်။

<u>ပြဒါးဓါတ်</u>

ကျွန်ုပ်တို့မှ သွေးနှင့်ဆီးတို့တွင်း ပြဒါးဓါတ်ကို တိုင်းရခြင်းမှာ မတူကွဲပြားသော ပုံစံများကို တိုင်းတာလို၍ဖြစ်သည်။ သွေးတွင်းတွေ့ရသော ပြဒါးဓါတ်မှာ အဓိကအားဖြင့် ငါးများတွင်းရှိ ပြဒါးဓါတ်များမှ ရခြင်းဖြစ်သည်။ အသားစားငါးများဖြစ်သော ငါးရွှက်တိုက်၊ ငါးမန်း နှင့် ကျောက်ငါး ကဲ့သို့ငါးများတွင် ပြဒါးဓါတ်များ ပိုမိုတွေ့ရတတ်သည်။ သွေးတွင်းတွေ့ရသော ပြဒါးများမှာမူ အဓိကအားဖြင့် ရှူရှိုက်မိသော လေမှတဆင့်ဝင်လာခြင်းဖြစ်သည်။ ထိုသို့လေမှ ဓါတ်သင့်ခြင်းများသည် သွားဆေးခန်း၊ သတ္တုအရည်ကျိုစက်၊ သို့မဟုတ် ပြဒါးရည်များဖိတ်စင်ခြင်း အစရှိသည်တို့မှ ဖြစ်နိုင်ပေသည်။

ဓါတ်ခွဲခန်းမှ သွေးတွင်းပြဒါးဓါတ် ၁၅ မိုက်ခရိုဂရမ်/ဒက်စီလီတာ သို့မဟုတ် ဆီးတွင်းပြဒါး ၂၀ မိုက်ခရိုဂရမ်/ဒက်စီလီတာ နှင့်အထက်တိုင်းတာရရှိပါက နယူးယော့ခ်ပြည်နယ်ကျန်းမာရေးဌာန လေးလံသတ္တုမှတ်ပုံတင်စာရင်းသို့ သတင်းပို့တင်ပြရမည်။ သင့် သွေးတွင်းပြဒါးဓါတ် ၂၅ မိုက်ခရိုဂရမ်/ဒက်စီလီတာ ထက်ပိုနေပါက သင့်အား နယူးယော့ခ်ပြည်နယ် ကျန်းမာရေးဌာနမှ ဖုန်းခေါ်၍ ဖြစ်နိုင်ချေရှိသော ဓါတ်သင့်မှု ဇစ်မြစ်ကို ကူညီရှာဖွေပေးမည်။ ပြဒါးဓါတ်များ မည်သို့မည်ပုံကျွန်ုပ်တို့၏ ကျန်းမာရေးအား ထိခိုက်နိုင်ပုံကို သိပ္ပံပညာရှင်များမှ လေ့လာဆဲဖြစ်သည်။ ပြဒါးဓါတ်သင့်မှု များပြားစွာရှိနေပါမူ အာရုံကြောစနစ်အား ထိခိုက်နိုင်ကြောင်းကိုမူ ကျွန်ုပ်တို့မှ အသေအချာသိရှိထားပြီးဖြစ်သည်။

<u>ကဒ်မီယံဒန်သတ္တု</u>

ဓါတ်ခွဲခန်းမှ သွေးတွင်းကဒ်မီယံ ၁.၀ မိုက်ခရိုဂရမ်/ဒက်စီလီတာ နှင့်အထက်တိုင်းတာရရှိပါက နယူးယော့ခ်ကျန်းမာရေးဌာန လေးလံသတ္တုမှတ်ပုံတင်စာရင်းသို့ သတင်းပို့တင်ပြရမည်။ ဤအဆင့်တွင် သင့်အား နယူးယော့ခ်ပြည်နယ် ကျန်းမာရေးဌာနမှ ဖုန်းခေါ်၍ ဖြစ်နိုင်ချေရှိသော ဓါတ်သင့်မှု ဇစ်မြစ်ကို ကူညီရှာဖွေပေးမည်။ ထိုသို့ကဒ်မီယံဓါတ်သင့်မှုမှာ ဂဟေဆက်လုပ်ငန်း၊ ဓါတ်ခဲထုတ်လုပ်ရေး အစရှိသော အလုပ်အကိုင်များမှ အဓိကအားဖြင့် ဖြစ်တတ်သည်။ အခြားဓါတ်သင့်မှုများနှင့် ဆေးလိပ်သောက်ခြင်းတို့မှလည်း ရရှိနိုင်သည်။ ဆေးလိပ်သောက်သူများတွင် ကဒ်မီယံဓါတ်များ ဆေးလိပ်မသောက်သူများထက် နှစ်ဆမျှ ပိုမိုရှိနိုင်သည်။ ကျောက်မီးသွေးနှင့်ရေနံချက်စက်များ၊ အမှိုက်မီးမြိုက်စက်များ၊ အစရှိသောစက်မှုလုပ်ငန်းများမှလည်း လေထုတွင်းမှတဆင့် ကဒ်မီယံဓါတ်သင့်ခြင်းကို ဖြစ်ပေါ်စေတတ်ပေသည်။

သင့်တောင်းဆိုချက်အရ၊ သင်၏ စစ်ဆေးမှုရလာဒ်များကို သင့်သမားတော်ထံသို့ မိတ္တူတစုံပေးပို့ပြီးဖြစ်သည်။ ဤစီမံကိန်းနှင့် ပတ်သက်သည့် သင့်မေးခွန်းများကို ကျွန်ုပ်တို့မှ ဝမ်းမြောက်စွာဖြေကြားပေးမည်၊ သို့သော် ဤရလာဒ်များနှင့် ပတ်သက်သည့် ပူပန်ဖွယ်ကိစ္စရပ်များအား သင့်သမားတော်သိရှိရန် ဆောင်ရွက်သင့်သည်။

ဤစီမံကိန်းနှင့် ပတ်သက်၍ အထွေထွေမေးခွန်းများရှိပါက ၅၁၈-၄၀၂-၇၉၅၀ သို့ ဆက်သွယ်၍ ကျွန်ုပ်အား မေးမြန်းနိုင်ပါသည်။

သင့် ဝင်ရောက်ပါဝင်မှုအတွက် ထပ်မံကျေးဇူးတင်ရှိပါသည်။

ရိုးသားစွာဖြင့်၊

Syni-An A. Hwang
ညွှန်ကြားရေးမှူး
ပတ်ဝန်းကျင်နှင့် လုပ်ငန်းခွင်ဆိုင်ရာ ရောဂါရှာဖွေရေး အထူးရုံးအဖွဲ့

Matthew P. Mauer, D.O., M.P.H.
ပြည်သူ့ကျန်းမာရေး သမားတော်
လုပ်ငန်းခွင်ဆိုင်ရာ ကျန်းမာရေး အထူးရုံးအဖွဲ့

**ကန်ကြီးများ ဇီဝဓါတုသတ်မှတ်တိုင်းတာခြင်း စီမံကိန်း**
**ဓါတ်ခွဲခန်း သတင်းပို့ချက် ပြန်တမ်း**

ကောက်ယူသည့် နေ့စွဲ -
သတင်းပို့သည့် နေ့စွဲ -

[အမည် နှင့် နေရပ်လိပ်စာ]

| **သတ္တုဓါတ်** | **သင့် ရလာဒ်များ** | **ရည်ညွှန်းချက် အဆင့်များ*** |
|---|---|---|
| သွေးထဲ၌ ရှိသော ခဲ | | ၁.၃ – ၃.၉ မိုက်ခရိုဂရမ်/လီတာ |
| သွေးထဲ၌ ရှိသော ပြဒါး | | ၀.၇၈ – ၆.၇ မိုက်ခရိုဂရမ်/လီတာ |
| ဆီးထဲ၌ ရှိသော ပြဒါး | | ၀.၄၇ – ၂.၈၂ မိုက်ခရိုဂရမ်/လီတာ |
| သွေးထဲ၌ ရှိသော ကဒ်မီယံ | | ၀.၂၃ – ၁.၁ မိုက်ခရိုဂရမ်/လီတာ |

* အရွယ်ရောက်ပြီးသူများ (အသက်၂၀ နှင့်အထက်) တွင်ရှိတတ်သော ရည်ညွှန်းချက်အဆင့်များကို ရောဂါဘယကာကွယ်ရေး နှင့်ထိန်းသိမ်းရေး စင်တာများမှ ဆောင်ရွက်ပြုစုသော အမျိုးသား ကျန်းမာရေး နှင့်အဟာရစမ်းသပ်ချက် စစ်တမ်းတွင် သတင်းပို့ထားသည့်အတိုင်း ရှာဖွေတွေ့ရှိရသည်။
**ယူတီအေ (UTA):** စမ်းသပ်စစ်ဆေးနိုင်ခြင်း မရှိ။ သွေးများခဲသွားခြင်းကြောင့် သို့မဟုတ် သွေးအလုံအလောက်မရှိခြင်းကြောင့် ဓါတ်ခွဲခန်းမှ အစမ်းသပ်ခံ သွေးနမူနာအား စမ်းသပ်စစ်ဆေးနိုင်ခြင်းမရှိပါ။
**အယ်(လ်)အိုဒီ (LOD):** ရှာဖွေတွေ့ရှိမှု အဆင့် (နံပါတ်တပ် တင်ပြရန် အလွန်နည်းပါးသော အဆင့်တွင်သာ ရှိသည်)။

| **တိုင်းတာချက်** | **သင့် ရလာဒ်များ** | **ဖြစ်နိုင်ချေ အတိုင်းအတာ*** | |
|---|---|---|---|
| | | **မြင့်မားဟန်ရှိသည်** | **မြင့်မားသည်** |
| ကိုလက်စထရော (အစာရှောင်ခြင်းမပြု) | | ၂၀၀-၂၃၉ | ၂၄၀ နှင့်အထက် |
| ထရိုင်ဂလစ်စရိုက် | | ၁၅၀-၁၉၉ | ၂၀၀-၄၉၉ |

* အရွယ်ရောက်ပြီးသူများ၏ ဖြစ်နိုင်ချေအတိုင်းအတာကို အမေရိကန် နှလုံး အသင်းမှ ရယူသည်။
**ယူတီအေ (UTA):** စမ်းသပ်စစ်ဆေးနိုင်ခြင်း မရှိ။ သွေးများခဲသွားခြင်းကြောင့် သို့မဟုတ် သွေးအလုံအလောက်မရှိခြင်းကြောင့် ဓါတ်ခွဲခန်းမှ အစမ်းသပ်ခံ သွေးနမူနာအား စမ်းသပ်စစ်ဆေးနိုင်ခြင်းမရှိပါ။
**အယ်(လ်)အိုဒီ (LOD):** ရှာဖွေတွေ့ရှိမှု အဆင့် (နံပါတ်တပ် တင်ပြရန် အလွန်နည်းပါးသော အဆင့်တွင်သာ ရှိသည်)

ဖော်ပြပါ စစ်ချက်ရလာဒ်များနှင့် ပတ်သက်၍ အချက်အလက်များ ပိုမိုသိရှိလိုပါက XXX-XXX-XXXX သို့ကျေးဇူးပြု၍ ခေါ်ဆိုကာ ____________________ နှင့်တွေ့ဆုံခွင့်တောင်းဆိုပါ။

စစ်ဆေးမှုများကို Wadsworth စင်တာ၊ နယူးယောခ်ပြည်နယ် ကျန်းမာရေးဌာနမှ ဆောင်ရွက်သည်။